# သင်၏အခွင့်အရေးနှင့် တာဝန်ဝတ္တရားများ

## ကျွန်ုပ်တို့ထံမှ မျှော်လင့်ထားသည့်အရာ = သင်၏အခွင့်အရေးများ

တရုတ် ရိုးရာ | Burmese

သင်၏သတင်းအချက်အလက်များကို ကျွန်ုပ်တို့ စိတ်ချလုံခြုံစွာ သိမ်းဆည်းထားပါမည်။

ကျွန်ုပ်တို့သည် လုံခြုံပြီးဂရုစိုက်သော ပတ်ဝန်းကျင်တွင် ဝန်ဆောင်မှုများ ပေးပါမည်။

ကျွန်ုပ်တို့သည် သင်၏မှတ်တမ်းများကို သင့်အား ကြည့်ရှုခွင့်ပေးပါမည်။

ကျွန်ုပ်တို့သည် ဩစတြေးလျ ကိုယ်ရေးလုံခြုံမှုဆိုင်ရာ ဥပဒေများကို လိုက်နာပြီး အောက်ပါတို့ဖြစ်မှသာ သတင်းအချက်အလက်များကို ထုတ်ပေးပါမည် -

- သင်သဘောတူသည် သို့မဟုတ်၊
- ဥပဒေအရ ကျွန်ုပ်တို့လိုအပ်သည် သို့မဟုတ်၊
- ကျွန်ုပ်တို့၏ရန်ပုံငွေသဘောတူညီချက်အရ လိုအပ်သည်။

သင်၊ သင်၏ယုံကြည်ချက်၊ သင်၏ကိုယ်ရေးကိုယ်တာ အခြေအနေများ နှင့် ဝိသေသလက္ခဏာများကို ကျွန်ုပ်တို့လေးစားကြောင်းပြသပါမည်။

သင့်အား လုံခြုံစိတ်ချရသော၊ လက်လှမ်းမီနိုင်သော၊ အရည်အသွေးမြင့်မားသော ကျန်းမာရေးစောင့်ရှောက်မှုကို ကျွန်ုပ်တို့ပေးပါမည်။

ကျွန်ုပ်တို့သည် သင့်ကို ရှင်းရှင်းလင်းလင်း၊ လေးစားမှုရှိရှိဖြင့် အချိန်မီ ဆက်သွယ်ပါမည်။

သင်၏ကျန်းမာရေးစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ သင်ဆုံးဖြတ်ချက် ချမှတ်နိုင်စေရန် သင်နားလည်မည့် သတင်းအချက်အလက်များကို ကျွန်ုပ်တို့ပေးပါမည်။

သင်၏ ကျန်းမာရေးဝန်ဆောင်မှု မည်သို့လုပ်ဆောင်သည်ကို သင်ပြောပြခွင့်ရရန် ကျွန်ုပ်တို့ ကူညီပေးပါမည်။

စွန့်စားရမည့် အန္တရာယ်များ ရှိလျှင်ပင် သင်ကိုယ်တိုင် ဆုံးဖြတ်နိုင်ရန် ကျွန်ုပ်တို့ သင့်ကို ကူညီပါမည်။

ဖြစ်နိုင်ပါက သင်၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သည့် ဝန်ဆောင်မှုများနှင့် ဝန်ဆောင်မှုပေးသူများကို ရွေးချယ်ရန် သင့်အား ကျွန်ုပ်တို့ကူညီပေးပါမည်။

သင့်အား ကူညီရန် သို့မဟုတ် သင့်ကိုယ်စားပြောဆိုရန် ထောက်ခံသူတစ်ဦးအပါအဝင် သင့်စိတ်ကြိုက်ရွေးချယ်နိုင်မည့် ပုဂ္ဂိုလ်တစ်ဦး ရှိစေရန် သင့်အားကူညီပေးပါမည်။

ကျွန်ုပ်တို့သည် အခမဲ့စကားပြန်တစ်ဦး စီစဉ်ပေးပါမည်။ စီစဉ်ပေးရန် ကျွန်ုပ်တို့ကို ပြောပါ။

ကုန်ကျနိုင်သည့် အခကြေးငွေများကို သင့်အား ကျွန်ုပ်တို့ ပြောပြပါမည်။

## သင့်ထံမှ ကျွန်ုပ်တို့ မျှော်လင့်ထားသည့်အရာ = သင်၏တာဝန်ဝတ္တရားများ

ကျွန်ုပ်တို့သည် သင့်အား အကောင်းဆုံးကူညီပေးနိုင်ရန် ကျွန်ုပ်တို့ကို မှန်ကန်သော အချက်အလက်များ ပေးပါ။

ကျွန်ုပ်တို့၏ ဝန်ထမ်းများ၊ ပိုင်ဆိုင်မှုနှင့် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို အသုံးပြုသော အခြားသူများအား လေးစားပါ
သင်သည် သင်နှင့် အခြားသူများအား အန္တရာယ်ကင်းစေသည့်နည်းဖြင့် လုပ်ဆောင်ပါ။

သင်သည် ချိန်းဆိုချက်တစ်ခုကို မလာရောက်နိုင်လျှင် ကျွန်ုပ်တို့အား ပြောပြပါ။
ယင်းမှာ အလွန်အရေးကြီးပါသည်။

## သင် တွေးထားသည်ကို ကျွန်ုပ်တို့အားပြောပြပါ

ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ဝန်ဆောင်မှုကို ကျေနပ်မှုရှိမရှိ သို့မဟုတ် အကြံဉာဏ်
တစ်ခုခုရှိပါက ကျွန်ုပ်တို့အား ပြောပြပါ။ ကျွန်တော်တို့၏ ဝန်ထမ်းများနှင့်စကားပြောပါ။

အရည်အသွေးအဖွဲ့ (Quality team) **9448 6102** သို့ (ရုံးချိန်အတွင်း) ဖုန်းခေါ်ဆိုပါ။

အရည်အသွေးအဖွဲ့ကို အီးမေးလ် **feedback@cohealth.org.au** ပို့ပါ

**အောက်ပါနေရာများနှင့် အနီးတဝိုက်မှ ဝန်ဆောင်မှုများ အကြောင်းသိရှိရန် ဖုန်းခေါ်ဆိုပါ -**

Collingwood, Fitzroy and Melbourne CBD **9448 5528**

Kensington, North Melbourne and Niddrie **9448 5520**

Footscray, Braybrook, Laverton, Werribee, and Melton **9448 5502**

အချက်အလက် ပိုမိုသိရှိလိုပါက **www.cohealth.org.au** သို့ သွားပါ

cohealth သည် ကျွန်ုပ်တို့၏ရုံးများတည်ရှိရာ မြေပေါ် ရှိ ဘိုးဘေးများနှင့် ရိုးရာအုပ်ထိန်းသူများကို အသိအမှတ်ပြုပြီး ရှေးယခင်မှစ၍ ယခု အချိန်ကာလအထိ လူကြီးသူမများကို လေးစားရိုသေပါသည်။

Free interpreter service available or call **131 450**

cohealth care for all